# ပြည်သူ့ဆေးရုံများတွင် 2019–nCoV လတ်တလောအသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါလူနာနှင့် ပတ်သက်၍ ဆေးရုံဆင်းလူနာများအား လမ်းညွှန်မှာကြားချက်များ (ပိုးမတွေ့လူနာ)

- လူနာသည် 2019–nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါပိုးကို နှာခေါင်းတို့ပတ်၊ အာခေါင်တို့ပတ် တို့တွင် စစ်ဆေးပြီး ပိုးမတွေ့ရှိထားပါ။
- ယခုဆေးရုံဆင်းသည့် အချိန်တွင် လူနာအနေအထားကောင်းမွန်ပြီး စမ်းသပ်မှုအရ စိုးရိမ်ရသည့် အခြေအနေမရှိပါ။
- ဆေးရုံဆင်းပြီးနောက် မိမိအိမ်/တည်းခိုနေရာတွင် နားနားနေနေနေ၍ ကျန်းမာရေးကို ဆက်လက် ဂရုစိုက်ရန်လိုပါသည်။ (၁၄)ရက်ခန့်အထိ လူထူထပ်သောနေရာများသို့ မသွားရန် လိုအပ်ပါသည်။
- မသိနားမလည်၍ ရောဂါအကြောင်းမေးမြန်းကြခြင်းကိုလည်း စစ်ဆေးမှုများမှ ရောဂါပိုး မတွေ့ရှိကြောင်း ပြန်လည်ဖြေကြား ပေးစေလိုပါသည်။
- နှာချေ၊ ချောင်းဆိုးလျှင် တစ်ခါသုံးတစ်ရှူးကို အသုံးပြုရပါမည်။ အသုံးပြုပြီးတစ်ရှူးကို စနစ်တကျ စွန့်ပစ်ရမည်။ လက်ပြန်ဆေးရမည်။ လက်အား စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးခြင်းကို အလေ့အထသဖွယ် ဆောင်ရွက် ပြုမူနေထိုင်ရမည်။
- ဆေးရုံဆင်းပြီး (၂) ပတ်အကြာပြင်ပလူနာဌာနသို့ ပြန်လည်ပြသရန်လိုပါသည်။
- မိမိတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပြသရမည်။

**အထက်ပါအချက်များကိုလိုက်နာခြင်းဖြင့် မိမိတွင်ဖြစ်ပွားသည့်ရောဂါသည် 2019–nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါပိုးကြောင့်မဟုတ်သော်လည်း မိသားစုသို့ အခြားရောဂါများ ကူးစက်ပြန့်ပွားခြင်းအား ကာကွယ်နိုင်မည်ဖြစ်ပါသည်။**

2019–nCoV

အသေးစိတ်သိရှိလိုပါက ဤနေရာတွင် Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၁–၂–၂၀၂၀)